# သာမန်ကာလ (၂၅)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်လုကာ ၁၆း၁-၁၃

သင်ရဲ့ပိုက်ဆံအပေါ် သင်က ဘယ်လိုသဘောထားသလဲ၊ ပိုက်ဆံအတွက်ပဲ ရှင်နေတာလား၊ ရှိတဲ့ပိုက်ဆံကို ဘယ်လိုအသုံးပြုသလဲဆိုတာတွေကို ကြည့်ခြင်းအားဖြင့် သင့်ဝိညာဉ်ရေးအခြေအနေကို အကဲဖြတ်နိုင်ပါတယ်။ ကိုယ့်မှာရှိတဲ့အရင်းအမြစ်ကို ပညာသားပါပါ အသုံးချရဲ့လား၊ ဘာလို့လဲဆိုတော့ အဲဒီအရင်းအမြစ်တွေက သင့်ကို ဘုရားပေးကထားတာလေ။ ကောင်းကောင်းသုံးရဲ့လား။ တန်အောင်သုံးရဲ့လား၊ ကိုယ့်အတွက်/သူတစ်ပါးအတွက် အကျိုးရှိအောင် လုပ်ရဲ့လား။ သင့်ဝိညာဉ်ရေးကောင်းရင် ကိုယ့်ရှိတဲ့အရင်းအမြစ်တွေ ပိုက်ဆံတွေက ငါ့ဟာမဟုတ်ဘူး၊ ဘုရားဟာလို့ ခံယူတယ်။ ဒါကြောင့် သုံးဖြုန်းတာ ဘယ်တော့မှမလုပ်ပဲ ကိုယ့်ဘဝအတွက် တန်ဖိုးရှိရှိ သုံးတယ်။ ကိုယ့်အတွက်တော့ ချွေတာပြီး ဆင်းရဲသားအတွက်တော့ ရက်ရောတတ်တယ်။

ယနေ့ဖတ်ရတဲ့ဧဝံဂေလိကျမ်း ရှင်လုကာ ၁၆ မှာ "မရိုးသားသောဘဏ္ဍာစိုး" အကြောင်းကို ယေဇူးဘုရားရှင်က မိန့်တော်မူပါတယ်။ အဲဒီဘဏ္ဍာစိုးက သူ့သခင်ရဲ့ငွေကြေးကို အလွဲသုံးစားထားလို့ သူ အလုပ်ဖြုတ် ခံလိုက်ရပါတယ်။ အမှန်ဆိုရင် ကိုယ့်ကို စိတ်ချလို့ ငွေကြေးနဲ့ စာရင်း အပ်ထားတာကို ကျေးဇူးတင်ပြီး သစ္စာရှိရှိ ကျိုးစားလုပ်သင့်တာပေ့ါ။ ကျနော်တို့ကိုလည်း ဘုရားသခင်က အချိန်၊ ကျန်းမာရေး၊ အရင်းအနှီး၊ အရည်အချင်းနဲ့ ဆွေမျိုး မိတ်ဆွေတွေရဲ့ အကူအညီ အကြံအဉာဏ်တွေ ပေးထားတော်မူပါတယ်။ ဒါ ဘုရားက ပေးတာပါ။ ဒီလိုအခွင့်အရေးတွေ ရရှိထားတဲ့ကျနော်တို့ကရော ဘယ်လိုအကျိုးရှိရှိ အသုံးချနေကြသလဲ။ ဘုရားပေးတဲ့အချိန်ကို ဖြုန်းတီးနေကြသလား ၊ ဘုရားပေးတဲ့အရည်အချင်းကို ကောင်းကောင်း မသုံးပဲ ပျင်းရိနေကြသလား။ စဉ်းစားကြပါ။ ဒါတွေကို ကိုယ့်အတွက်/သူတစ်ပါးအတွက် အသုံးချနေသူဟာ ကောင်းကင်နိုင်ငံတော်မှာ ကိုယ့်အတွက် ဘဏ္ဍာကို စုဆောင်းနေရာရောက်ပါတယ်။ ကောင်းကင်နိုင်ငံတော်အတွက် ရင်းနှီးမြုပ်နှံမှုလုပ်ထားသလိုပါပဲ။ ဆင်းရဲသားတွေကို ကူညီလိုက်တဲ့ကိုယ့်အကူအညီက သေရာပါမည့် ရင်းနှီးမြုပ်နှံမှုပါပဲ။

လူငယ်တစ်ယောက်ဟာ သူရရှိတဲ့အချိန်တွေ၊ အိမ်ကမိဘက သူ့ကို ကျွေးထားနိုင်တဲ့အချိန်တွေမှာ သူကလည်း ကျိုးစားပြီး ပညာတတ်ဖြစ်အောင်လုပ်လိုက်ရင် သူ့နောင်ရေးအတွက် စိတ်ချရမှာပေ့ါ။ အဲလိုမဟုတ်ပဲ ဖုန်းတစ်လုံးနဲ့ Games ကစားပြီးအချိန်တွေ ဖြုန်းနေရင်တော့ သူ့နောင်ရေးမှာ မသေမချင်း တစ်နေ့လုပ်တစ်နေ့စားဘဝနဲ့ ဒုက္ခရောက်မှာ သေချာတယ်။ ဒီလူငယ်လေးက မိဘ ဆွေမျိုး မိတ်ဆွေများထံမှဖြစ်စေ၊ ပညာတတ်များထံမှဖြစ်စေ အကြံဉာဏ်တောင်းပြီး သူ့အရင်းအမြစ်တွေကို အသုံးချတတ်ရင်တော့ သူ့နောင်ရေးမှာ စိတ်ချရမှာပေ့ါ။ ဒီလောကမှာ သင့်ကို ပေးထားတဲ့အခွင့်အရေးတွေကိုတောင် သင်က သစ္စာရှိရှိ အသုံးမပြုပဲပေ့ါဆနေရင် ဒီလောကထက် တန်ဖိုးကြီးတဲ့ ကောင်းကင်နိုင်ငံဆုကိုလည်း ဘုရားက စိတ်ချလက်ချ သင့်ကို ပေးပ့ါမလား။

ယနေ့ ကျမ်းစာထဲမှာ အလုပ်ပြုတ်သွားတဲ့ဘဏ္ဍာစိုးက သူအလုပ်ဖြုတ်ခံလိုက်ရချိန်နဲ့

သူ့ငွေစာရင်းစာအုပ် အသိမ်းမခံရခင်အချိန်လေးမှာ သူဘာလုပ်နိုင်သေးလဲ စဉ်းစားတတ်တယ်။ သူ့လက်ထဲမှာ ငွေစာရင်းစာအုပ် ရှိနေသေးတဲ့အချိန်လေးမှာ ဘယ်လိုအကျိုးရှိရှိ အသုံးချသလဲ၊ သူ့ငွေစာရင်းစာအုပ်ထဲမှာ မှတ်ထားတဲ့ အကြွေးရှိတဲ့သူတွေကို တစ်ယောက်ချင်းခေါ်ပြီး အကြွေးတွေကို လျှော့ရေးခိုင်းတယ်။ ဆီပိသာချိန် (၁၀၀) အကြွေးတင်နေတဲ့သူကိုလည်း ဆီပိသာ (၅၀)လို့ လျှော့ရေးပေးလိုက်တယ်။ ဂျုံစပါး တင်း (၁၀၀) အကြွေးတင်တဲ့လူကိုလည်း စာရင်းလိမ်ပြီး တင်း (၅၀)လို့ လျှော့ရေးပေးလိုက်တယ်။ ဒီလိုပဲ အကြွေးတွေအားလုံးကို လျှော့လျှော့ပေါ့ပေါ့ ပြင်ရေးပေးလိုက်လို့ အကြွေးတင်နေတဲ့လူတွေက ဒီဘဏ္ဍာစိုးကို ကျေးဇူးပြန်ဆပ်ကြပါလေရော။ ဒါနဲ့ ဘဏ္ဍာစိုးရာထူးက အလုပ်ပြုတ်ပေမဲ့ ရှေ့ဆက် သူ့စားဝတ်နေရေး ပြေလည်သွားပါတော့တယ်။ ဒီနေ့ ဘုရားက ပေးချင်တဲ့တရားကတော့ အခုလို လိမ်ညာဖို့ စာရင်းလိမ်ကြဖို့ ပြောချင်တာမဟုတ်ပါဘူး။ လောကသားတွေက လောကရေးရာမှာ ပါးနပ်ကြသလို ကျနော်တို့ရဲ့ဝိညာဉ်ရေးတိုးတက်ဖို့ကို ပါးနပ်စွာ၊ အမျှော်အမြင်ရှိရှိ စဉ်းစားတတ်ရမယ်။

မပါးနပ်တဲ့လူက "ဟားကွာ ငါ့တော့ အလုပ်ဖြုတ်ခံလိုက်ရပြီကွာ ဆိုပြီး စိတ်ပျက်လက်ပျက်နဲ့ ဘာမျှမလုပ်ပဲနေမှာ သေချာတယ်။ ငတ်ရင်လည်း ငတ်တဲ့အတိုင်း နေမှာ သေချာတယ်။ ဘာမှ မစဉ်းစားတတ်၊ ဘာမှလည်း လက်ကျောမတင်း ။

ဘုရားသခင် မိန့်တော်မူထားတာက "သင်တို့သည် မြွေကဲ့သို့ ပါးနပ်ကြပြီး ခိုကဲ့သို့ ရိုးသားကြလော့" တဲ့။ ကျနော်တို့ ဘုရားသခင်ရဲ့သားသမီးတွေလည်း အကင်းပါးပါးနဲ့ စဉ်းစားတတ်ရမယ်။ ကြိုမြင်တတ်ရမယ်။ "ငါ ဒီလိုနေပုံထိုင်ပုံနဲ့ ဆက်သွားရင် ငါ့ဘဝ ပျက်ဆီးတော့မှာပဲ" ကြိုပြင်တတ်ရတယ်။ "ငါ ဒီလို ဆက်နေရင်တော့ အရက်သမား ဖြစ်တော့မှာပဲ" ကြိုမြင်တတ်ရတယ်။ "ငါ ဒီလို အပြစ်တွေနဲ့ မရုန်းထွက်ပဲနေရင် ငရဲမှာပဲ နိဂုံးချုပ်ရတော့မယ်" ကြိုမြင်တတ်ရတယ်။ ဒါဆို ငါ အခု ဘာလုပ်ရမလဲ၊ ရွေးချယ်တတ်ရတယ်။ လောက အလုပ်အကိုင်အတွက် ဘာတွေ သင်ကြားတတ်မြောက် ဆည်းပူးထားရမလဲ ဆိုတာ စဉ်းစားတတ်ရသလို သင့်ဝိညာဉ်ရေးအတွက်လည်း ပါရမီတွေ ဆည်းပူးထားရမယ်။ လောကအတတ်ပညာတွေဆိုတာက သင်ယူမှ လေ့လာမှ တစ်ကယ်တတ်ကျွမ်းမှာ ဖြစ်သလို ဝိညာဉ်ရေးမှာလည်း သင်ယူစရာလိုတယ်၊ ဆည်းပူးကျင့်ကြံစရာ လိုအပ်ပါတယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။